သြဂုတ်လ 3 ရက်၊ 2020 အရ အပ်ဒိတ်လုပ်ထားသည်

**MCL 333.2253 အောက်ရှိ အရေးပေါ်အမိန့်**

**မဖြစ်မနေလုပ်ဆောင်ရမည့် စစ်ဆေးခြင်း၊ ကာကွယ်ရေးလုပ်ဆောင်ချက်များ၊ နှင့် လယ်ယာအလုပ်သမားများအတွက် ဘေးကင်းသောအိမ်ရာ**

**အမေးများသောမေးခွန်းများ**

ထပ်တိုးမေးခွန်းများကို MDARD-COVID19@Michigan.gov. နှင့်မျှဝေနိုင်ပါသည်။ အချိန်အပိုင်းအခြားအလိုက် မေးခွန်းသစ်များထည့်သွင်းရန် ဤစာတမ်းကို အပ်ဒိတ်လုပ်ပါမည်။

**<u>အထွေထွေ</u>**

**ဘာဖြစ်လို့ စစ်ဆေးဖို့လိုအပ်တာပါလဲ။**

ခပ်ခွာခွာနေ၍မရနိုင်သည့်အခါတွင် COVID-19 သည် လူထူထပ်သောနေရာများ၌ လျင်မြန်စွာပျံ့နှံ့နိုင်ပါသည်။

ကပ်ရောဂါဖြစ်ပွားမှုတစ်လျှောက်တွင်၊ ကူးစက်ပျံ့နှံ့မှုများသည် အသက်အန္တရာယ်ခြိမ်းခြောက်နိုင်သောအကျိုးဆက်များနှင့်အတူ ရွှေ့ပြောင်းနေထိုင်သူအိမ်ရာစခန်းများ ၊ အစားအစာနှင့် အဖျော်ယမကာထုတ်လုပ်ရေး သို့မဟုတ် စီစဉ်ဆောင်ရွက်ရေးအဆောက်အဦများတွင် ဖြစ်ပွားခဲ့ပါသည်။ ဖြစ်ပွားမှုများကို လျင်မြန်စွာခွဲခြားသတ်မှတ်ကာ၊ ပြင်းထန်သောကူးစက်ပျံ့နှံ့မှုများကို တားဆီးပြီး၊ လုပ်ငန်းများကို ဘေးကင်းစွာဖွင့်လှစ်ထားနိုင်ရန်အတွက် ပုံမှန် စစ်ဆေးခြင်းမှာ အရေးကြီးပါသည်။

လူအများကိုဘေးကင်းအောင်ထားရှိပြီး မီကျီဂန်ကို ဆက်လက်၍ ပြန်ဖွင့်ပေးထားရာတွင် ကူညီပေးရန်အတွက်၊ မီချီဂန်ကျန်းမာရေးနှင့်လူသားဝန်ဆောင်မှုများဌာနသည် လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဌာနနှင့်အတူ အန္တရာယ်မြင့်မားသောနေရာများတွင် COVID-19 ရောဂါစစ်ဆေးမှုလုပ်ရန်လိုအပ်သည့် အများပြည်သူဆိုင်ရာ ကျန်းမာရေး အမိန့်ကို ထုတ်ပြန်ထားပါသည်။

**ဘယ်သူတွေကစစ်ဆေးခံရမှာပါလဲ၊ စစ်ဆေးမှုကို ဘယ်နှစ်ကြိမ်လောက်လိုအပ်တာပါလဲ။**

မီချီဂန် ကျန်းမာရေးနှင့်လူသားဝန်ဆောင်မှုများဌာန (MDHHS) သည် COVID-19 စစ်ဆေးမှုကို ဖြည့်ဆည်းပေးရန်အတွက် <u>ရွှေ့ပြောင်းနေထိုင်သူအိမ်ရာစခန်း ဆောင်ရွက်ပေးသူများ</u>အနေဖြင့် လုပ်ဆောင်ရန်လိုအပ်သည့် အများပြည်သူဆိုင်ရာ ကျန်းမာရေးအမိန့်ကို ဖော်ပြပါအတိုင်း ထုတ်ပြန်ထားပါသည်-

- အသက် ၁၈ နှစ်နှင့်အထက် နေထိုင်သူအားလုံးကို အခြေခံသတ်မှတ်ထားသောစစ်ဆေးမှု တစ်ကြိမ် ပြုလုပ်ခြင်း
- ၁၄ ရက်နှင့် ယင်းနောက်ပိုင်းကာလအထိ အသစ် ရောက်လာနေသည့် နေထိုင်သူများအတွက် သီးခြားအိမ်ရာစီစဉ်ပေးထားပြီး ရောက်ရှိနေချိန် ၄၈ နာရီ ကြာပြီးဖြစ်သည့် နေထိုင်သူအသစ်အားလုံးအတွက် စစ်ဆေးပေးခြင်းနှင့် ယင်းကာလနောက်ပိုင်းတွင် ဒုတိယအကြိမ် စစ်ဆေးမှု
- ရောဂါလက္ခဏာများ သို့မဟုတ် ထိတွေ့မှုများရှိနေသည့်နေထိုင်သူများကို စစ်ဆေးခြင်း

ဩဂုတ်လ 3 ရက်၊ 2020 အရ အပ်ဒိတ်လုပ်ထားသည်

MDHHS လမ်းညွှန်ချက်အရ <u>တစ်ချိန်တွင် နေရာ၌ အလုပ်သမား ၂၀ ကျော်ရှိသည့် လယ်ယာစိုက်ပျိုးရေးဆိုင်ရာ အလုပ်ရှင်</u>အချို့သည် ဖော်ပြပါအတိုင်း COVID-19 စစ်ဆေးခြင်းကို ဖြည့်ဆည်းပေးရန် လိုအပ်ပါသည်-

- အလုပ်သမားအားလုံးကို အခြေခံသတ်မှတ်ထားသောစစ်ဆေးမှုတစ်ကြိမ် ပြုလုပ်ခြင်း
- အလုပ်သမားအသစ်များအားလုံးကို လူကိုယ်တိုင်အလုပ်မလာမီတွင် စစ်ဆေးခြင်း
- ရောဂါလက္ခဏာများ သို့မဟုတ် ထိတွေ့မှုများရှိနေသည့်အလုပ်သမားများကို စစ်ဆေးခြင်း

ထိုလယ်ယာစိုက်ပျိုးရေးဆိုင်ရာအလုပ်ရှင်များမှာ-

- ရွှေ့ပြောင်း သို့မဟုတ် ရာသီအလိုက်အလုပ်သမားများ၏အလုပ်ရှင်များ
- အသား၊ မွေးမြူရေးကြက်ငှက်နှင့် ဥထုတ်လုပ်ရေးအဆောက်အဦများ
- အပင်စိုက်သော မှန်မိုးမှန်ကာ အဆောက်အဦများ

## Employers and Testing Requirements or Guidance

**Are all agriculture employers required to provide testing?**

MDHHS guidance also requires some agricultural employers with over 20 employees on-site at a time to provide COVID-19 testing.

These agricultural employers are:

- Any employer of migrant or seasonal workers
- Meat, poultry, and egg processing facilities
- Greenhouses

**Should employers test workers who arrive between the emergency order announcement and implementation?**

All workers employed and all residents present at housing camps on August 24, 2020 must have completed one-time baseline testing.

Employers or housing operators may use testing conducted prior to this public health order to fulfill the baseline testing requirement for any individual still at the same migrant housing camp or working at the same employer. Residents or workers who did not participate in prior testing, because they declined, they were not present at the facility, or for any other reason, still need to complete a baseline test.

**How is testing arranged and scheduled at my farm or processing business?**

There are several options to complete testing, including creating a testing program managed by the employer, requesting state assistance, and utilizing testing resources in the general community. MDHHS has issued guidance along with the Public Health Order on how employers can complete required testing.

**အလုပ်ရှင်များသည် ဝန်ထမ်းစစ်ဆေးခြင်းပရိုဂရမ်များအတွက် ငွေပေးချေရပါမည်လား။**

အလုပ်ရှင်များနှင့် အိမ်ရာဆောင်ရွက်ပေးသူများသည် စစ်ဆေးခြင်းကြောင့်ကျသင့်သည့် ငွေကြေးကုန်ကျစရိတ်အတွက် ပထမအကြိမ်တွင် တာဝန်ရှိသော်လည်း၊ ၎င်းတို့သည် သက်ဆိုင်သောနေရာရှိ ကျန်းမာရေးအာမခံထံမှ လျော်ကြေးငွေ ပြန်ပေးခြင်းကို ရှာဖွေရယူနိုင်ကာ စစ်ဆေးမှုလုပ်ဆောင်ရန် ပြည်နယ်၏အကူအညီကိုလည်း ရှာဖွေရယူနိုင်ပါသည်။

ထုတ်လုပ်သူများနှင့် စီစဉ်ဆောင်ရွက်သူများသည် COVID-19 စစ်ဆေးမှုနှင့်ဆက်စပ်နေသော ကုန်ကျစရိတ်များ (စစ်ဆေးသည့်နေရာများအတွက် စစ်ဆေးမှုများနှင့် လျှောက်ထားမှုလမ်းညွှန်ချက်များကို စီမံခန့်ခွဲသည့် ဝန်ထမ်းရေးရာ/

သြဂုတ်လ 3 ရက်၊ 2020 အရ အပ်ဒိတ်လုပ်ထားသည်

ဆေးဘက်ဆိုင်ရာအမှုထမ်းအတွက် ကုန်ကျစရိတ်များအပါအဝင်၊ အသိအမှတ်ပြုထားသောနေရာများ၌ စက်ရုံတစ်ခုလုံး သို့မဟုတ် တစ်ဦးချင်း စစ်ဆေးမှုပါရှိသော နေရာတွင်စစ်ဆေးခြင်း) ကိုကာမိရန်အတွက် ခွင့်ပြုငွေများကို လျှောက်ထားရန် အရည်အချင်းပြည့်မီပါသည်။ ထပ်တိုးသတင်းအချက်အလက်များနှင့် လျှောက်ထားမှုလမ်းညွှန်ချက်များကို www.michiganbusiness.org/agsafety. တွင် ရရှိနိုင်ပါသည်။

H-2A အလုပ်သမားများနှင့် စာရွက်စာတမ်းမရှိသောလူတစ်ဦးချင်းစီတို့ပါဝင်သည့် လယ်ယာလုပ်သားများစွာသည် COVID-19 စစ်ဆေးမှုကုန်ကျစရိတ်များကိုအကျုံးဝင်သော အရေးပေါ်ဝန်ဆောင်မှုများအတွက်သာ (ESO) Medicaid အတွက် အရည်အချင်းပြည့်မီနိုင်ပါသည်။ စစ်ဆေးမှုကုန်ကျစရိတ်များကိုကာမိစေခြင်းအတွက် အခြားသော ရွေးချယ်ခွင့်မှာ အလုပ်သမားများကို ၎င်းတို့၏အာမခံအကျုံးဝင်မှုအတွက် လျှောက်ထားခြင်းနှင့် အာမခံနှင့် အကျုံးဝင်သောဝန်ထမ်းများအတွက် စစ်ဆေးမှုငွေတောင်းခံခြင်းတွင် ကူညီပေးခြင်းဖြစ်ပါသည်။

အလုပ်ရှင်များနှင့် အိမ်ရာဆောင်ရွက်ပေးသူများသည် တိုက်ရိုက်ကျသင့်မှုများ သို့မဟုတ် တိုက်ရိုက်မဟုတ်သော ကျသင့်မှုများ၊ စရိတ်စကများ၊ လျော်ကြေးအပြောင်းအလဲများ၊ သို့မဟုတ် အခြားသော ငွေကြေးဆိုင်ရာကိစ္စရပ်များဖြင့် ဖြစ်စေ ကျန်းမာရေးအာမခံနှင့်မကာမိသော ကုန်ကျစရိတ်များပါဝင်သည့် ကုန်ကျစရိတ်များကို ဝန်ထမ်းများထံ လက်လွှဲမပေးရပါ။

MDHHS သည် ခွင့်ပြုငွေများ၊ အာမခံအကျုံးဝင်မှု၊ သို့မဟုတ် ပြည်နယ်အကူအညီတောင်းခံခြင်းတို့ကဲ့သို့သော အကူအညီအတွက် ငွေကြေးဆိုင်ရာပါဝင်ပတ်သက်မှုများနှင့် ရွေးချယ်ခွင့်များအပါအဝင် အလုပ်ရှင်များအနေဖြင့် လိုအပ်သောစစ်ဆေးမှုကို ပြီးစီးအောင်လုပ်ဆောင်နိုင်ပုံနှင့်ပတ်သက်၍ အများပြည်သူဆိုင်ရာ ကျန်းမာရေးအမိန့်နှင့်အတူ လမ်းညွှန်ချက်. ကိုပါ ထုတ်ပြန်ထားပါသည်။

**ကျွန်ုပ်သည် စစ်ဆေးခြင်းနှင့်ပတ်သက်သောအကူအညီကို မည်သို့တောင်းဆိုနိုင်ပါသလဲ။**

အကူအညီရှာဖွေနေသော အလုပ်ရှင်များနှင့် အိမ်ရာဆောင်ရွက်ပေးသူများသည် ပူးတွဲပါရှိသောပုံစံကို အသုံးပြုကာ သြဂုတ်လ ၁၁ ရက်၊ ၂၀၂၀ခုနှစ် နောက်ဆုံးထား၍ MDHHS ထံ MDHHS-Migrant-Affairs@michigan.gov သို့ တောင်းဆိုမှုကို တင်ပြသင့်ပါသည်။

မီချီဂန်ပြည်နယ်သည် ခွင့်ပြုနိုင်သောပမာဏအတိုင်း စစ်ဆေးခြင်းပံ့ပိုးမှုကို ဖြည့်ဆည်းပေးပါလိမ့်မည်။ ပြည်နယ်သည် အကူအညီအတွက် တောင်းဆိုမှုများကို ဖြည့်ဆည်းပေးခြင်း ရှိ မရှိကိုဆုံးဖြတ်ရန် တစ်ဦးတည်းဆုံးဖြတ်ပိုင်ခွင့်ရှိပါသည်။ ပြည်နယ်သည် တောင်းဆိုသူများကို ဆေးဘက်ဆိုင်ရာပံ့ပိုးပေးသူများနှင့် အသိုက်အဝန်းတို့မှတဆင့် ရရှိနိုင်သော စစ်ဆေးခြင်းရင်းမြစ်များထံ လမ်းညွှန်ပေးနိုင်ပါသည်။

**ဒေသတွင်း ပြည်ထောင်စုအစိုးရအကူအညီအားဖြင့်အရည်အချင်းပြည့်မီသောကျန်းမာရေးစင်တာ (FQHC) သည် မည်သည့်အတွက်ကြောင့် စစ်ဆေးမှုကို မပံ့ပိုးပေးရခြင်းဖြစ်ပါသလဲ။**

အလုပ်ရှင်များတွင် အဆောက်အဦမှစီမံထားသည့် စစ်ဆေးခြင်းပရိုဂရမ်ကိုဖန်တီးခြင်း၊ ပြည်နယ်အကူအညီ တောင်းခံခြင်း၊ နှင့် အထွေထွေအသိုက်အဝန်းရှိ စစ်ဆေးမှုရင်းမြစ်များကို အသုံးချခြင်းတို့အပါအဝင် စစ်ဆေးမှုကို ပြီးစီးအောင်

လုပ်ဆောင်မှုအတွက် များစွာသောရွေးချယ်ခွင့်များရှိပါသည်။ MDHHS သည် အလုပ်ရှင်များအနေဖြင့် လိုအပ်သော စစ်ဆေးမှုကို ပြီးစီးအောင်လုပ်ဆောင်နိုင်ပုံနှင့်ပတ်သက်၍ အများပြည်သူဆိုင်ရာ ကျန်းမာရေးအမိန့်နှင့်အတူ လမ်းညွှန်ချက်ကိုပါ ထုတ်ပြန်ထားပါသည်။

ပြည်နယ်သည် လယ်ယာအလုပ်သမားစစ်ဆေးခြင်းအများစုကို ဖြည့်ဆည်းပေးရန်အတွက် FQHCs နှင့်အတူ ပူးပေါင်းရန် စီစဉ်နေပြီး၊ ပြည်နယ်သည် FQHCs နှင့်အကျုံးမဝင်သောဧရိယာများတွင် စစ်ဆေးမှုဆောင်ရွက်နိုင်သည့် အခြားသော လုပ်ငန်းဖော်ပါတနာအများအပြားလည်း ရှိထားပါသည်။

**စစ်ဆေးမှုမှတ်တမ်းတွေကို ဘယ်လောက်ကြာအောင်သိမ်းထားမှာပါလဲ။**

အလုပ်ရှင်များနှင့် အိမ်ရာဆောင်ရွက်ပေးသူများသည် စစ်ဆေးမှုမှတ်တမ်းများကို တစ်နှစ်ကြာအောင် သိမ်းထားရပါမည်။ MDARD သည် စစ်ဆေးမှု၊ လိုင်စင်အသစ်ပြန်လုပ်ခြင်း၊ သို့မဟုတ် ၎င်း၏အခွင့်အာဏာရှိမှုတို့အရ ဤအမိန့်ကို လေးစားလိုက်နာကာ ထိုမှတ်တမ်းများကို ပြန်လည်ဆန်းစစ်နိုင်ပါသည်။ MDHHS သည် ထိုမှတ်တမ်းများကို ၎င်း၏ အခွင့်အာဏာရှိမှုအရ ပြန်လည်ဆန်းစစ်နိုင်ပါသည်။ MDHHS သည် ဤအမိန့်ကိုချိုးဖောက်ကြောင်းသိရှိထားမှု တစ်စုံတစ်ရာအား MDARD ထံ လွှဲပြောင်းပေးမည်ဖြစ်ကာ၊ MDARD သည် ဤအမိန့်နှင့်ပတ်သက်သည့် MDHHS ချိုးဖောက်မှုများကို ကိုးကားနိုင်ပါသည်။

ဩဂုတ်လ 3 ရက်၊ 2020 အရ အပ်ဒိတ်လုပ်ထားသည်

**အလုပ်ရှင်မှ စစ်ဆေးခြင်းကိုဖြည့်ဆည်းပေးပါက ဘယ်သူတွေက စစ်ဆေးမှုရလဒ်တွေကို လက်ခံရရှိမှာပါလဲ။ အလုပ်ရှင်ဖြစ်ပါသလား သို့မဟုတ် ဝန်ထမ်းဖြစ်ပါသလား။**

ဝန်ထမ်း/လူနာထံ ရလဒ်များကို ပံ့ပိုးပေးရပါမည်။

**ဤအမိန့်ကိုထုတ်ပြန်ခြင်းမပြုမီ ဆောင်ရွက်ထားသောစစ်ဆေးခြင်းသည် စစ်ဆေးမှုလိုအပ်ချက်အသစ်များနှင့် ပြည့်မီနိုင်ပါသလား။**

အလုပ်ရှင်များ သို့မဟုတ် အိမ်ရာဆောင်ရွက်ပေးသူများသည် ဤ အများပြည်သူဆိုင်ရာကျန်းမာရေးအမိန့်မထုတ်မီ ဆောင်ရွက်ထားသောစစ်ဆေးခြင်းကို ရွှေ့ပြောင်းနေထိုင်သူအိမ်ရာစခန်းတွင်ရှိနေဆဲဖြစ်သော သို့မဟုတ် အလုပ်ရှင်ထံတွင် အလုပ်လုပ်နေဆဲဖြစ်သော လူများအတွက် အခြေခံစစ်ဆေးမှုလိုအပ်ချက်ကို ဆောင်ရွက်ပေးရန်အတွက် အသုံးပြုနိုင်ပါသည်။ ကြိုတင်ကာစစ်ဆေးထားမှုတွင် မပါဝင်သောနေထိုင်သူများ သို့မဟုတ် အလုပ်သမားများသည် အခြေခံစစ်ဆေးမှုကိုရယူရန် လိုအပ်နေဆဲဖြစ်ပါသည်။

**အကျုံးဝင်သောလယ်ယာစိုက်ပျိုးရေးဆိုင်ရာအလုပ်ရှင်များထံတွင်၊ အလုပ်သမားအသစ်များကို လူကိုယ်တိုင် အလုပ်မလာမီ စစ်ဆေးခြင်းအတွက်၊ ရောက်ရှိမလာမီ ဆောင်ရွက်ထားသောစစ်ဆေးမှုသည် လိုအပ်ချက်နှင့် ပြည့်မီနိုင်ပါသလား။ လူများသည် ရလဒ်များမရမီတွင် ကြိုတင်ကာ အလုပ်လုပ်နိုင်ပါသလား။**

ရောက်ရှိမလာမီ ၇၂ နာရီအတွင်းတွင်လုပ်ဆောင်ထားသော စစ်ဆေးမှုသည် အလုပ်သမားအသစ်များအတွက် လူကိုယ်တိုင်အလုပ်မလာမီ စစ်ဆေးခြင်းလိုအပ်ချက်နှင့် ပြည့်မီနိုင်ပါသည်။ အလုပ်သမားအသစ်များသည် ရောဂါပိုးမရှိသည့်ရလဒ်ကို လက်ခံမရရှိမချင်း လူကိုယ်တိုင်အလုပ်လာ၍မရနိုင်ပါ။

**၁၄ ရက်ကာလအတွင်းတွင်၊ အသစ်ရောက်လာသော ရွှေ့ပြောင်းနေထိုင်သူအိမ်ရာစခန်းတွင် နေထိုင်သူများသည် သီးခြားနေထိုင်မှုယူနစ်များတွင် နေထိုင်ရမည်ဆိုပါက၊ ထိုသူတို့သည် အလုပ်လုပ်နိုင်ပါသလား။**

ရပါသည်။ သို့သော် MDHHS သည် ခပ်ခွာခွာနေခြင်း၊ အဝတ်နှာခေါင်းစည်းဝတ်ဆင်ခြင်း၊ နှင့် လက်ဆေးခြင်းတို့ ကဲ့သို့သော ကြိုတင်ကာကွယ်မှုများလုပ်ဆောင်ရန် အားပေးပါသည်။

**စစ်ဆေးခြင်းနှင့် ရလဒ်များလက်ခံရရှိခြင်းကာလအတောအတွင်း ထိုသူများသည် အလုပ်လုပ်နိုင်ပါသလား။**

စစ်ဆေးမှုလိုအပ်ချက်အားလုံးနီးပါးအတွက် ရပါသည်။ ထိုသူများသည် ရလဒ်များစောင့်ဆိုင်းနေစဉ်တွင် အလုပ်လုပ်နိုင်သော်လည်း၊ MDHHS သည် ခပ်ခွာခွာနေခြင်း၊ အဝတ်နှာခေါင်းစည်းဝတ်ဆင်ခြင်း၊ နှင့် လက်ဆေးခြင်းတို့ကဲ့သို့သော ကြိုတင်ကာကွယ်မှုများလုပ်ဆောင်ရန် အားပေးပါသည်။

သို့ရာတွင်၊ အကျုံးဝင်သော လယ်ယာစိုက်ပျိုးရေးဆိုင်ရာ အလုပ်ရှင်များထံတွင် အလုပ်သမားအသစ်များအနေဖြင့် လူကိုယ်တိုင်အလုပ်မလာမီ စစ်ဆေးခြင်းအတွက်၊ အလုပ်သမားများသည် နက်ဂတစ်ရလဒ်ကိုလက်ခံမရရှိမချင်း လူကိုယ်တိုင်အလုပ်လာ၍မရနိုင်ပါ။

**ကျွန်ုပ်၏ဝန်ထမ်းတစ်ဦးတွင် ရောဂါပိုးရှိနေပါက ဘာဖြစ်မှာပါလဲ။**

အလုပ်သမား သို့မဟုတ် နေထိုင်သူမှာ COVID-19 ပိုးရှိသည့်အခါ သို့မဟုတ် ဗိုင်းရပ်စ်နှင့် ထိတွေ့ထားသည့် အခါ

ဩဂုတ်လ 3 ရက်၊ 2020 အရ အပ်ဒိတ်လုပ်ထားသည်
အလုပ်ရှင်များနှင့် အိမ်ရာဆောင်ရွက်ပေးသူများသည် ဖော်ပြပါအဆင့်များကို လုပ်ဆောင်ရပါမည်-

က။ လယ်ယာစိုက်ပျိုးရေးဆိုင်ရာအလုပ်ရှင်သည် COVID-19 ဖြစ်နေသောဝန်ထမ်းများကို CDC မှချမှတ်ထားသည့် အလုပ်ပြန်တက်ခြင်းစံနှုန်းနှင့်မပြည့်မီမချင်း အလုပ်မှ ချန်လှပ်ထားရပါမည်။
ခ။ လယ်ယာစိုက်ပျိုးရေးဆိုင်ရာအလုပ်ရှင်များသည် COVID-19 ဖြစ်နေသူများနှင့် ထိတွေ့မှုရှိထားသော ဝန်ထမ်းများကိုလည်း (ထိုသူနှင့် ရှည်ကြာသောကြာချိန် (15 မိနစ် သို့မဟုတ် ၎င်းအထက်) အတွင်း နီးကပ်သောထိတွေ့မှု (ခြောက်ပေအတွင်း)) အလုပ်မှ ချန်လှပ်ထားရပါမည်။
ဂ။ အလုပ်ရှင်များနှင့် အိမ်ရာဆောင်ရွက်ပေးသူများသည် ကူးစက်မှုတားဆီးရေးနှင့် ဘေးကင်းရေးလုပ်ဆောင်ချက်ဆိုင်ရာ CDC လမ်းညွှန်ချက်ကို လိုက်နာရပါမည်။
ဃ။ အလုပ်ရှင်များနှင့် အိမ်ရာဆောင်ရွက်ပေးသူများသည် အစားအစာနှင့် အိမ်ရာကဲ့သို့သော ၎င်းတို့၏ အခြေခံလိုအပ်ချက်များကို ပံ့ပိုးပေးရန် ပြည်နယ်နှင့် ဒေသတွင်းရင်းမြစ်များနှင့်အတူ အပြုသဘောဆောင်သောသူများနှင့် ချိတ်ဆက်မိရန် အကျိုးအကြောင်းဆီလျော်သောအားထုတ်ကြိုးပမ်းမှုများကို ပြုလုပ်ရပါမည်။
င။ နောက်ဆုံးအနေဖြင့် အလုပ်ရှင်များနှင့် အိမ်ရာဆောင်ရွက်ပေးသူများသည် ဒေသတွင်း ကျန်းမာရေးဌာနနှင့် MDHHS ရွှေ့ပြောင်းနေထိုင်သူဝန်ဆောင်မှုများရုံးထံ MDHHS-Migrant-Affairs@michigan.gov. သို့ အသိပေးရပါ မည်။ ထိုအသိပေးချက်များသည် အများပြည်သူကျန်းမာရေးဌာနများကို အများပြည်သူကျန်းမာရေး တုန့်ပြန် ဆောင်ရွက်ချက်ကို သင့်လျော်စွာအကောင်အထည်ဖော်ကာ အလုပ်သမားများအတွက် ပံ့ပိုးမှုများဖြင့် ကူညီပေးရန် လုပ်ဆောင်နိုင်စေပါလိမ့်မည်။

**အလုပ်သမားများကို သီးခြားခွဲထားရန် သို့မဟုတ် ၎င်းတို့ဘာသာ ရောဂါခြေချုပ်ဖြင့်နေစေရန် လိုအပ်ပါက၊ အလုပ်ရှင်များသည် ¾-နာရီအာမခံမှုကို မည်ကဲ့သို့ဆောင်ရွက်ပေးပါမည်နည်း။**
FFCRA အောက်ရှိ လစာပေးသောနာမကျန်းခွင့်ကို လစာပေးသောအလုပ်ချိန်များအဖြစ် စဉ်းစားမည်ဖြစ်သောကြောင့် ¾-နာရီအာမခံထံဦးတည်ကာ ထည့်သွင်းပါလိမ့်မည်။

**ဝန်ထမ်းတွင် ရောဂါပိုးရှိနေပါက၊ ၎င်းတို့သည် သီးခြားခွဲနေရမည့်အချိန်အတွင်းတွင် နာမကျန်းခွင့် သို့မဟုတ် အလုပ်လက်မဲ့ဖြစ်မှုအတွက် အရည်အချင်းပြည့်မီပါသလား။**
များစွာသောအလုပ်သမားများနှင့် အလုပ်ရှင်များသည် အချို့သောအခြေအနေများတွင် လစာပေးသောခွင့်အတွက် ပံ့ပိုးပေးသည့် ဖက်ဒရယ် မိသားစုများဆိုင်ရာ ကိုရိုနာဗိုင်းရပ်စ် ပထမဆုံးတုန့်ပြန်လုပ်ဆောင်ရေးအက်ဥပဒေဖြင့် အကျုံးဝင်ပါသည်။ အလုပ်ရှင်များသည် ၎င်းတို့အနေဖြင့် အက်ဥပဒေနှင့်အကျုံးဝင်ခြင်း ရှိ မရှိကို ပိုမိုကောင်းမွန်စွာ နားလည်ရန် ဖက်ဒရယ်လမ်းညွှန်ချက်အရ တိုင်ပင်ဆွေးနွေးသင့်ပါသည်။

FFCRA အောက်တွင်၊ ဝန်ထမ်းသည် ဖော်ပြပါကြောင့် ခွင့်ယူရန်လိုအပ်ခြင်းအရ အလုပ်သို့မလာနိုင်ပါက (သို့မဟုတ် တယ်လီအလုပ်မလုပ်နိုင်ပါက) ဝန်ထမ်းသည် လစာပေးသောနာမကျန်းခွင့်အတွက် အရည်အချင်းပြည့်မီပါသည်-

1. COVID-19 နှင့်ဆက်စပ်၍ ဖက်ဒရယ်၊ ပြည်နယ်၊ သို့မဟုတ် ဒေသတွင်း ရောဂါခြေချုပ် သို့မဟုတ်

ဩဂုတ်လ 3 ရက်၊ 2020 အရ အပ်ဒိတ်လုပ်ထားသည်

သီးခြားခွဲနေခြင်းအမိန့်နှင့်သက်ဆိုင်သည်။

2. COVID-19 နှင့်ဆက်စပ်၍ မိမိဘာသာရောဂါခြေချုပ်နှင့်နေရန် ကျန်းမာရေးစောင့်ရှောက်မှုပံ့ပိုးပေးသူက အကြံပြုထားသည်။
3. ရောဂါလက္ခဏာများကို တွေ့ကြုံခံစားနေရပြီး ဆေးဘက်ဆိုင်ရာရောဂါခွဲခြားစစ်ဆေးမှုကို ရှာဖွေနေရသည်။
4. (1) တွင်ဖော်ပြထားသူအတွက် စောင့်ရှောက်ပေးနေသည် သို့မဟုတ် (2) တွင်ဖော်ပြထားသည့်အတိုင်း မိမိဘာသာ ရောဂါခြေချုပ်ဖြင့်နေနေသည်။
5. COVID-19 နှင့်ဆက်စပ်နေသောအကြောင်းရင်းများအတွက် ကလေး၏ ကျောင်း သို့မဟုတ် စောင့်ရှောက်ရေး နေရာ ပိတ်ထားသောကြောင့် (သို့မဟုတ် ကလေးစောင့်ရှောက်ရေးပံ့ပိုးပေးသူကို မရရှိနိုင်သောကြောင့်) စောင့်ရှောက်ပေးနေရသည်၊
6. အလုပ်သမားနှင့် ဘဏ္ဍာရေးရုံးနှင့် တိုင်ပင်ဆွေးနွေးကာ ကျန်းမာရေးနှင့် လူသားဝန်ဆောင်မှုများဝန်ကြီးမှ သတ်မှတ်ဖော်ပြထားသည့် အခြားသော ဆင်တူသည့် အခြေအနေများကို တွေ့ကြုံခံစားနေရသည်။

FFCRA အောက်တွင်၊ ဝန်ထမ်းသည် COVID-19 နှင့်ဆက်စပ်နေသောအကြောင်းရင်းများအတွက် ကလေး၏ ကျောင်း သို့မဟုတ် စောင့်ရှောက်ရေး နေရာ ပိတ်ထားသောကြောင့် (သို့မဟုတ် ကလေးစောင့်ရှောက်ရေးပံ့ပိုးပေးသူကို မရရှိနိုင်သောကြောင့်) စောင့်ရှောက်ပေးနေရပါက ထပ်တိုးထားသောမိသားစုရေးရာခွင့်အတွက် အရည်အချင်းပြည့်မီပါသည်။

လစာပေးသောနာမကျန်းခွင့်ကိုလက်ခံရရှိသည့်အလုပ်သမားများကို အလုပ်ခန့်အပ်ထားဆဲဖြစ်သည်ဟု ထည့်သွင်းစဉ်းစားသောကြောင့် အလုပ်လက်မဲ့အကျိုးခံစားခွင့်များအတွက် အရည်အချင်းပြည့်မီမည်မဟုတ်ပါ။ လစာပေးသော နာမကျန်းခွင့်ကိုမရရှိသည့်အလုပ်သမားများသည် အလုပ်လက်မဲ့အကျိုးခံစားခွင့်များအတွက် လျှောက်ထားရမည်ဖြစ်ကာ၊ ၎င်းတို့သည် အလိုအလျောက်စာရင်းသွင်းခြင်း၊ အလိုအလျောက်အရည်အချင်းပြည့်မီခြင်း ဖြစ်မည်မဟုတ်ပါ၊ ၎င်းတို့သည် UIA အရည်အချင်းပြည့်မီမှုလိုအပ်ချက်များနှင့်ကိုက်ညီရန် လိုအပ်နေဆဲဖြစ်ပါသည်။ အလုပ်သမားများသည် မီချီဂန်ပြည်နယ်၏ အလုပ်လက်မဲ့အာမခံအေဂျင်စီဝဘ်ဆိုက် တွင် လျှောက်ထားနိုင်ပါသည်။

ဧပြီလ ၃ ရက်၊ ၂၀၂၀ ခုနှစ် တွင်အကျိုးသက်ရောက်သော မီချီဂန်၏ လစာပေးသော ဆေးဘက်ဆိုင်ရာခွင့်အက်ဥပဒေ (PMLA) တွင်၊ ပြည်နယ်အုပ်ချုပ်ရေးမှူး Whitmer သည် COVID-19 အရေးပေါ်ကိစ္စရပ်ကြောင့် ပြည်နယ်ဥပဒေအရ လစာပေးသောဆေးဘက်ဆိုင်ရာခွင့်အက်ဥပဒေခံစားခွင့်များနှင့် ဆက်စပ်နေသည့် အချို့သောကာကွယ်မှုများကို ထပ်တိုးခဲ့ပါသည်။

1. ၎င်းတို့ သို့မဟုတ် ၎င်းတို့နှင့် အနီးကပ်နေသူများမှာ ဖျားနာနေပြီး အခြားသူများကို COVID-19 ကူးစက်စေနိုင်သည့်အန္တရာယ်ရှိနေခြင်းကြောင့် အိမ်တွင်နေနေရသောအလုပ်သမားများကို ကာကွယ်ခြင်း။
2. ဝန်ထမ်းအရေအတွက်ကိုထည့်မတွက်ဘဲ မီချီဂန်တွင်အလုပ်လုပ်သော ဝန်ထမ်းအများစုနှင့် အလုပ်ရှင်အများစုကို ကာဗာပေးခြင်း။
3. ဤထပ်တိုးခြင်းသည် ခွဲခြားဆက်ဆံမှုကာကွယ်ခြင်းနှင့်အတူ COVID-19 အကြောင်းရင်းများအတွက် အနားယူချိန်ကို ဖြည့်ဆည်းပေးပါသည်။

ဩဂုတ်လ 3 ရက်၊ 2020 အရ အပ်ဒိတ်လုပ်ထားသည်

4. သတ်မှတ်ထားသောရောဂါလက္ခဏာ တစ်ခု သို့မဟုတ် ထို့ထက်ပိုရှိနေသူ သို့မဟုတ် ပေါ့စတစ်စစ်ဆေးမှု ဖြစ်နေသူနှင့် နီးကပ်သောဆက်ဆံမှု ရှိထားသောကြောင့် သို့မဟုတ် ရှိခဲ့သောကြောင့် အခြားသူများထံ COVID-19 ကူးစက်ခြင်းကိုရှောင်ကြဉ်ရန် အိမ်တွင်နေနေရသောအလုပ်သမားအား အလုပ်ထုတ်ခြင်း၊ စည်းမျဉ်းအရ အရေးယူခြင်း၊ သို့မဟုတ် လက်တုန့်ပြန်ခြင်းတို့ပြုလုပ်ခြင်းမှ အလုပ်ရှင်များကို တားမြစ်ခြင်း။
5. ဝန်ထမ်း သို့မဟုတ် ဝန်ထမ်းနှင့်အနေနီးစပ်သူတွင် သတ်မှတ်ထားသောရောဂါလက္ခဏာ တစ်ခု သို့မဟုတ် ထို့ထက်ပိုရှိနေသောကြောင့် စာရွက်စာတမ်းတင်ပြရန်ပျက်ကွက်ခြင်းအတွက် ဝန်ထမ်းအား အလုပ်ထုတ်ခြင်း၊ စည်းမျဉ်းအရအရေးယူခြင်း၊ သို့မဟုတ် လက်တုန့်ပြန်ခြင်းတို့ပြုလုပ်ခြင်းမှ အလုပ်ရှင်များကို တားမြစ်ခြင်း။
6. အိမ်တွင်နေနေရသောခွင့်အချိန်ကို PMLA အချိန်အဖြစ် သတ်မှတ်သင့်ကာ PMLA သတ်မှတ်အချိန် (တိုးပွားလာသော သို့မဟုတ် တိုးလာသော) ကိုသုံးကာပေးချေသည်၊ သို့မဟုတ် PMLA သတ်မှတ်အချိန်မရှိပါကမပေးချေပါ။

ထပ်တိုးအချက်အလက်များအတွက် **အုပ်ချုပ်မှုဆိုင်ရာအမိန့် 2020-36** ကို ပြန်လည်ဆန်းစစ်ပါ။ PMLA နှင့် ပတ်သက်သောမေးခွန်းများကို Leo/လုပ်ခနှင့် နာရီပိုင်းခြားမှုထံ PMLA-INFO@michigan.gov. သို့ လမ်းညွှန်ပေးပါမည်။

**၎င်းတို့သီးခြားခွဲနေချိန်တွင် ကျွန်ုပ်သည် အလုပ်သမားတစ်ဦးကို ယာယီအစားထိုးထား၍ရနိုင်ပါသလား။**

အလုပ်ရှင်သည် သီးခြားခွဲထားသော/ရောဂါခြေချုပ်ဖြင့်ထားသောအလုပ်သမားကို ယာယီအစားထိုးရန် အလုပ်သမားတစ်ဦး ငှားရမ်းနိုင်ပါသည်။ ယာယီအစားထိုးသောအလုပ်သမားကို တူညီသောအလုပ်ခန့်အပ်မှုစည်းမျဉ်းစည်းကမ်းများ (လုပ်ခများ၊ အလုပ်တာဝန်များ၊ အလုပ်နာရီများ၊ စသည်ဖြင့်) အောက်တွင် ငှားရမ်းရပါမည်။

**ရောဂါဖြစ်နေသောအလုပ်သမားသည် အလုပ်လက်မဲ့ဖြစ်မှုတွင် အလိုအလျောက်စာရင်းသွင်းရန် အရည်အချင်းပြည့်မီပါသလား။**

မပြည့်မီပါ၊ ၎င်းတို့သည် မီချီဂန်ပြည်နယ်၏ အလုပ်လက်မဲ့အာမခံအေဂျင်စီဝဘ်ဆိုက် ထံ သွားရောက်ခြင်းဖြင့် အလုပ်လက်မဲ့ဖြစ်မှုအတွက် လျှောက်ထားနိုင်ပါသည်။

**လယ်ယာစိုက်ပျိုးရေးလုပ်ငန်း သို့မဟုတ် အိမ်ယာစခန်းဆောင်ရွက်ပေးသူတို့သည် တစ်စုံတစ်ဦးပေါ့စတစ်ဖြစ်သည့်အခါ သီးခြားခွဲနေနေရသည့် လူတစ်ဦးချင်းနှင့် မိသားစုများကို မည်သို့ကူညီပေးနိုင်ပါသလဲ။**

EO 2020-137 အရ ရွှေ့ပြောင်းနေထိုင်သူအိမ်ရာကမ့်ပ်ဆောင်ရွက်ပေးသူများသည် COVID ပေါ့စတစ်ဖြစ်သောနေထိုင်သူများအတွက် သီးခြားခွဲနေသည့်အိမ်ရာနှင့်ပတ်သက်၍ အကူအညီပေးရန်လိုအပ်ပါသည်။ ပြည်နယ်သည်လည်း သီးခြားခွဲနေခြင်းအိမ်ရာအတွက် ရွေးချယ်ခွင့်များထပ်တိုးပေးရန် လုပ်ဆောင်လျှက်ရှိပါသည်။

**"နေရာတွင်" ဆိုသည်မှာ ဘာကိုဆိုလိုတာပါလဲ။ ဝန်ထမ်းများမှာ ကွင်းပြင်များထဲတွင် အလုပ်လုပ်နေရသော အလုပ်ရှင်များမှာ ဘယ်လိုလုပ်ရမှာပါလဲ။**

"နေရာတွင်" ဆိုသည်မှာ သီးခြားတည်နေရာရှိ လယ်ယာစိုက်ပျိုးရေးဆိုင်ရာအလုပ်ရှင်၏ ပိုင်ဆိုင်ရာနေရာတွင် ဖြစ်သည်ဟု ဆိုလိုပါသည်။

**ဤအမိန့်သည် EO-137 ရှိ အိမ်ရာလိုအပ်ချက်များကို ပြောင်းလဲစေပါသလား။**

ဩဂုတ်လ 3 ရက်၊ 2020 အရ အပ်ဒိတ်လုပ်ထားသည်
မပြောင်းပါ။

**USDA- စည်းမျဉ်းအလိုက်လုပ်ဆောင်နေသောအဆောက်အဦများသည် ဤအမိန့်နှင့် အကျုံးဝင်ပါသလား။**
အကျုံးဝင်ပါသည်။

## <u>အလုပ်သမားများ</u>

**ကျွန်ုပ်သည် စစ်ဆေးမှုခံယူရန်ငြင်းဆန်ပါက မည်သို့ဖြစ်ပါမည်လဲ။**
စစ်ဆေးမှုခံယူရန်ငြင်းဆန်သောအလုပ်သမားများသည် လူကိုယ်တိုင်အလုပ်လာရောက်ခြင်းကို ပြုလုပ်နိုင်မည်မဟုတ်ပါ၊ လိုင်စင်ရထားသော ရွှေ့ပြောင်းနေထိုင်သူ အိမ်ရာစခန်းတွင်နေထိုင်ပါက၊ အခြားသူများကို COVID-19 ရန်မှကာကွယ်ရန် သီးခြားအိမ်ရာတွင် နေရပါမည်။

ဝန်ထမ်းကို ဝန်ထမ်း၏ဦးစားပေးဘာသာစကားဖြင့် အဆိုပါလိုအပ်ချက်များအား အသိပေးထားရပါမည်။ ထို အလုပ်သမားတွင် ရောဂါလက္ခဏာမရှိကြောင်း သေချာစေရန် လုပ်ဆောင်ချက်များကို ၁၄ ရက်ကြာသည်အထိ၊ သို့မဟုတ် အလုပ်သမားသည် စစ်ဆေးမှုခံယူကာ နက်ဂတစ်ရလဒ်ဖြစ်သောစာရွက်ကို လက်ခံရရှိသည်အထိ ဆက်လုပ်ရပါမည်။

**ကျွန်ုပ်သည် ကျန်းမာနေသည့်အခါ သို့မဟုတ် နောက်ထပ်ရိတ်သိမ်းမှုများရှိသည့်အခါ ထပ်၍အလုပ်လုပ်ခြင်းကို ကျွန်ုပ်၏အလုပ်ရှင်မှ တားဆီးနိုင်ပါသလား။**
မီချီဂန်သည် "စိတ်ဆန္ဒအရအလုပ်ခန့်အပ်မှု" ပြည်နယ်ဖြစ်ပါသည်။ အလုပ်ရှင် သို့မဟုတ် ဝန်ထမ်းသည် ဥပဒေ သို့မဟုတ် သဘောတူညီချက်များအရ ဖြည့်ဆည်းပေးထားခြင်းမရှိလျှင် မည်သည့်အကြောင်းရင်းအတွက်မဆို အချိန်မရွေး အလုပ်ခန့်အပ်မှုဆက်ဆံရေးကို ယေဘုယျအားဖြင့် ပယ်ဖျက်နိုင်သည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။

ဥပမာ၊ ဖက်ဒရယ် သို့မဟုတ် ပြည်နယ်ဥပဒေ၊ လုပ်ခဆိုင်ရာစုပေါင်းဆွေးနွေးမှုသဘောတူညီချက်၊ သို့မဟုတ် အလုပ်ခန့်အပ်မှုစာချုပ်သည် တစ်နည်းအားဖြင့် စိတ်ဆန္ဒအရဆက်ဆံမှုတွင်ဖြစ်မှုပေါ်၌ ကန့်သတ်ချက်များ ထားရှိထားနိုင်ပါသည်။ ထိုဥပဒေ၊ သဘောတူညီချက်၊ သို့မဟုတ် စာချုပ်ကို ချိုးဖောက်သော အလုပ်ခန့်အပ်မှုပယ်ဖျက်ခြင်းများသည် ဥပဒေဆိုင်ရာအကူအညီတောင်းခံမှုနှင့် သက်ဆိုင်နိုင်ပါသည်။

**ကျွန်ုပ်တွင် ရောဂါပိုးရှိနေပြီး ဝင်ငွေမရရှိပါက အကူအညီရနိုင်ပါသလား။**
ရပါသည်။ ဖက်ဒရယ် မိသားစုများဆိုင်ရာ ကိုရိုနာဗိုင်းရပ်စ် ပထမဆုံးတုန့်ပြန်လုပ်ဆောင်ရေးအက်ဥပဒေအရ အလုပ်ရှင်များသည် COVID-19 ကူးစက်မှု သို့မဟုတ် ထိတွေ့ထားမှုကြောင့် သီးခြားခွဲနေရသော သို့မဟုတ် ရောဂါ ခြေချုပ်ဖြင့် နေရသော ဝန်ထမ်းများအတွက် လစာပေးသောနာမကျန်းခွင့်နှစ်ပတ်အထိကို ဖြည့်ဆည်းပေးရန်လိုအပ်ပါသည်။

<u>အလုပ်ရှင်များသည် ဤဥပဒေ၏ပြဌာန်းချက်များကိုပိုမိုကောင်းမွန်စွာနားလည်ရန် ဖက်ဒရယ်လမ်းညွှန်ချက်အရ တိုင်ပင်ဆွေးနွေးသင့်ပါသည်။</u>.
ရောဂါဖြစ်နေသူများကို အခြားသောရင်းမြစ်အမျိုးအစားများကိုရှာဖွေရန် ကူညီပေးနိုင်သော MDHHS ရွှေ့ပြောင်း

ဩဂုတ်လ 3 ရက်၊ 2020 အရ အပ်ဒိတ်လုပ်ထားသည်

နေထိုင်သူပရိုဂရမ်ကျွမ်းကျင်သူထံ ဆက်သွယ်ပေးပါလိမ့်မည်။ ၎င်းတွင် ကူညီပေးနိုင်သော ဒေသတွင်း အသိုက်အဝန်း လုပ်ဆောင်ချက်အေဂျင်စီများ ပါဝင်ပါသည်။

**ကျွန်ုပ်တွင် ရောဂါပိုးရှိနေပြီး အလုပ်လက်မဲ့ဖြစ်မှုကို လက်ခံရရှိပါက၊ ကျွန်ုပ်သည် အလိုအလျောက်စာရင်းသွင်းပြီး ဖြစ်ပါမည်လား။**

လစာပေးသောနာမကျန်းခွင့်ကိုလက်ခံရရှိခြင်းမရှိသည့် အလုပ်သမားများသည် အလုပ်လက်မဲ့အကျိုးခံစားခွင့်များ အတွက် လျှောက်ထားရပါမည်။ ၎င်းတို့သည် အလိုအလျောက်စာရင်းသွင်းခြင်းမဖြစ်ပါ၊ ၎င်းတို့သည် UIA အရည် အချင်းပြည့်မီမှုလိုအပ်ချက်များနှင့်ကိုက်ညီရန် လိုအပ်နေဆဲဖြစ်ပါသည်။ အလုပ်သမားများသည် [မီချီဂန်ပြည်နယ်၏ အလုပ်လက်မဲ့အာမခံအေဂျင်စီဝဘ်ဆိုက်] တွင် လျှောက်ထားနိုင်ပါသည်။

**ကျွန်ုပ်တွင် ရောဂါပိုးရှိနေပြီး အလုပ်လက်မဲ့ဖြစ်မှုကို လက်ခံရရှိခြင်းမရှိပါက၊ အခြားအကူအညီကို ရရှိနိုင်ပါ သလား။ အကူအညီကို မည်ကဲ့သို့ရရှိနိုင်ပါသလဲ။**

သင်သည် သင်၏ လိုအပ်သောသီးခြားခွဲနေမှုကာလကို လုပ်ဆောင်နေစဉ်တွင် သင်၏ ဒေသတွင်း အသိုက်အဝန်း လုပ်ဆောင်ချက်အေဂျင်စီထံမှတဆင့် ထပ်တိုးအကူအညီကို ရရှိနိုင်ပါသည်။ ဒေသတွင်း DHHS ရွှေ့ပြောင်းနေထိုင်သူ ပရိုဂရမ်ကျွမ်းကျင်သူသည် ပေါ့စတစ်ဖြစ်နေသူများကို အကူအညီအတွက် ဒေသတွင်း အသိုက်အဝန်းလုပ်ဆောင်ချက် အေဂျင်စီထံသို့ ဆက်သွယ်ပေးပါလိမ့်မည်။

**ကျွန်ုပ်တွင် ရောဂါပိုးရှိနေပြီး သီးခြားခွဲနေ၍မရနိုင်ပါက သို့မဟုတ် အခြားသူများနှင့် ခပ်ခွာခွာနေ၍မရနိုင်ပါက အကူအညီပေးပါမည်လား။**

EO 2020-137 အရ ရွှေ့ပြောင်းနေထိုင်သူအိမ်ရာစခန်းဆောင်ရွက်ပေးသူများသည် ပေါ့စတစ်ဖြစ်နေသော နေထိုင်သူများအတွက် သီးခြားခွဲနေနိုင်သောအိမ်ရာနှင့်အတူ အကူအညီကိုဖြည့်ဆည်းပေးရန် လိုအပ်ပါသည်။ ပြည်နယ်သည်လည်း သီးခြားခွဲနေနိုင်သောအိမ်ရာအတွက် ရွေးချယ်ခွင့်များပိုမိုကျယ်ပြန့်လာစေရန် ဆောင်ရွက်လျှက်ရှိပါသည်။